# ၅၂း ပညတ်တော်များ

ထွ ၂၀း၁-၁၇၊ မာ ၁၂း၂၈-၃၀၊ ယော ၁၃း၃၃-၃၅

ဘုရားသခင် မိန့်တော်မူသော စကားဟူမူကား၊ ငါမှတပါး အခြားသော ဘုရားကို မကိုးကွယ်နှင့်။ ရုပ်တုဆင်းတုကို ကိုယ်အဖို့ မလုပ်နှင့်၊ ဦးမချဝတ်မပြုနှင့်။

**သင်၏ဘုရားသခင် ထာဝရဘုရား၏ နာမတော်ကို၊ မုသားနှင့်ဆိုင်၍ မမြွက်ဆိုနှင့်။ ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှာ၊ ထိုနေ့ရက်ကို အောက်မေ့လော့။**

သင်၏မိဘကို ရိုသေစွာပြုလော့။ လူ့အသက်ကို မသတ်နှင့်။ သူ့မယားကို မပြစ်မှားနှင့်။ သူ့ဥစ္စာကိုမခိုးနှင့်။

**ကိုယ်နှင့်စပ်ဆိုင်သော သူတဘက်၌ မမှန်သော သက်သေကို မခံနှင့်။ ကိုယ်နှင့်စပ်ဆိုင်သော သူ၏ဥစ္စာ တစုံတခုကိုမျှ တပ်မက်လိုချင်သော စိတ်မရှိစေနှင့်။**

ကျမ်းပြုဆရာ တယောက်သည် အထံတော်သို့ ချဉ်းကပ်၍ ပညတ်တကာ တို့တွင် အဘယ်မည်သော ပညတ်သည်သာ၍ မြတ်သနည်းဟု မေးလျှောက်သော် ယေရှုက-

**ပညတ်တကာတို့တွင် အမြတ်ဆုံးသော ပညတ်ဟူမူကား ဣသရေလအမျိုး နားထောင်လော့၊ ငါတို့၏ ဘုရားသခင်၊ ထာဝရဘုရားသည် တဆူတည်းသော ဘုရားဖြစ်တော်မူ၏။**

သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့ ဉာဏ်ရှိသမျှ၊ အစွမ်းသတ္တိ ရှိသမျှနှင့်ချစ်လော့။ ဤပညတ်သည် ပထမပညတ်ဖြစ်၏။

**ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့ဟူသော ဒုတိယပညတ်သည် ပထမပညတ်နှင့် သဘောတူ၏။ ဤပညတ်တို့ထက် သာ၍ကြီးမြတ်သော ပညတ်မရှိဟု ပြန်၍မိန့်တော်မူ၏။**

ချစ်သားတို့ သင်တို့သည် အချင်းချင်း တယောက်ကို တယောက်ချစ်ကြလော့။ ငါသည် သင်တို့ကို ချစ်သည်နည်းတူ အချင်းချင်းချစ်ကြလော့ဟု ပညတ်သစ်ကိုငါပေး၏။

**သင်တို့သည် အချင်းချင်းချစ်ကြလျှင် လူအပေါင်းတို့သည် ထိုမေတ္တာကိုထောက်၍ သင်တို့သည် ငါ၏တပည့် ဖြစ်သည်ကို သိရကြလိမ့်မည်ဟု မိန့်တော်မူ၏။**